သထုံမြို့

ပေဋကောပဒေသ-အဋ္ဌကထာကျမ်း

နှင့်

မိလိန္ဒပဉှာ-အဋ္ဌကထာကျမ်းပြု

မူလမင်းကွန်း

# ဇေတဝန် ဆရာတော်ဘုရားကြီး

၁၂၈၄-ခုနှစ်

ရေး သား စီရင် တော်မူ အပ်သော

ဝိပဿနာ

# နိဗ္ဗာန် လမ်းညွှန်

## ဒေသနာ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂၊ ဖေဖော်ဝါရီလ-၁၉၈၁။

၂၉၄ . ၃၆၄ ၂၁၁၄၆
၈.၁.၁၀

သထုံမြို့

ပေဋကောပဒေသ-အဋ္ဌကထာကျမ်း

နှင့်

မိလိန္ဒပဉှာ-အဋ္ဌကထာ

မူလမင်းကွန်း

# ဇေတဝန် ဆရာတော်ဘုရားကြီး

၂၀၄-ခုနှစ်

ရေးသားစီရင်တော်မူအပ်သော

ဝိပဿနာ

# နိဗ္ဗာန်လမ်းညွှန်

# ဒေသနာ

M.A., M.S., B.A.
B.A.(Hons), B.Ed.

********

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၄ ကောဇာ-၁၃၄၂ ဖေဖော်ဝါရီလ-၁၉၈၁။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

---

**ဗုဒ္ဓမတည့-အဋ္ဌကထာကျမ်းပြု**

နိဗ္ဗာန်လမ်းညွှန်ကျမ်းကို ပြုစုတော်မူသော ကျေးဇူးရှင် မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမတည့-အဋ္ဌကထာကျမ်းပြု ဂန္ထဝင်မြောက် ဆရာတော်ဘုရားကြီးတဆူ ဖြစ်တော်မူ၏။

အဋ္ဌကထာကျမ်းပြု ဆရာတော်ကြီး ဖြစ်ကြောင်းကို ဆက်၍ဆိုပါဦးမည်–

မြတ်စွာဘုရားသည် ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန် စံလွန်တော်မူသည်အထိ ၄၅-ဝါ ကာလပတ်လုံး တရားတော်များကို ဟောကြားတော်မူခဲ့ရာ ထိုဟောကြားတော်မူခဲ့သော တရားတော်များကို "ပါဠိတော်ဟူ၍ ခေါ်ဆိုရပေ၏"။

**ပါဠိတော်ကျမ်း-၄၀**

ပေဋကောပဒေသကျမ်းကို ဓေတဒဂ္ဂဘွဲ့ထူး၍ ဖြစ်တော်မူသောရဟန္တာ အရှင်မဟာကစ္စည်းမထေရ်မြတ်နှင့် မိလိန္ဒပဉှာကျမ်းကို ရဟန္တာ အရှင်နာဂသေန မထေရ်မြတ်တို့သည် မြတ်စွာဘုရား၏ ဟောညွှန်ပြသ နည်းနယအတိုင်း ဟောကြားတော်မူခြင်းကြောင့် ပါဠိတော်များအဖြစ် သံဂါယနာဝင် အရှင်မြတ်တို့ မှတ်တမ်းတင်တော်မူကြကုန်၏။ ဤသို့အားဖြင့်

ပါဠိတော်ကျမ်းများသည် ကျမ်းစာအုပ်ရေအားဖြင့် ၄၀-မျှ ရှိကုန်၏။

**အဋ္ဌကထာကျမ်းများ**

ထိုပါဠိတော်ကျမ်းများကို ဖွင့်ဆိုသည့်ကျမ်းများကို အဋ္ဌကထာဟူ၍ ခေါ်ဆိုကြပေသည်။ ထို အဋ္ဌကထာကျမ်းများကို ပြုစုသောပုဂ္ဂိုလ်တို့မှာ—

(၁) အရှင်မဟာဗုဒ္ဓဃောသ

(၂) အရှင်ဓမ္မပါလ

(၃) အရှင်ဥပသေန

(၄) အရှင်မဟာနာမ

(၅) အရှင်ဗုဒ္ဓဒတ္တ

(၆) အရှင်သာရိပုတ္တရာနှင့်

(၇) ယခု ရေးလတ္တံ့သော မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးပါနှင့်ဆိုလျှင် ၇-ပါးမျှသာ ရှိပါသည်။

အထက်ဖော်ပြပါ အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ စသော မထေရ်မြတ်တို့သည် ပိဋကပါဠိတော်၏ အဖွင့် သံဝဏ္ဏနာဖြစ်သည့် အဋ္ဌကထာကျမ်းများကို ရေးသားတော်မူခဲ့ရာတွင် အလွန်ခက်ခဲလှသော ပိဋကပါဠိတော် ၃၈-ကျမ်းမျှကို ရေးသားတော်မူခဲ့သော်လည်း (၁) ပေဋကောပဒေသကျမ်းနှင့် (၂)မိလိန္ဒပဥှာကျမ်းတို့ကိုမူ ရေးသားခြင်းမပြုပဲ ချန်၍ ထားကြပေကုန်သည်။

**ပေဋကောပဒေသကျမ်းနှင့် မိလိန္ဒပဉှာကျမ်း**

ယင်းသို့ ချန်၍ ထားတော်မူခြင်းနှင့် စပ်လျဉ်း၍ သထုံ မြို့မင်းကွန်း ဇေတဝန်ကျောင်းဆရာတော် အရှင်တိက္ခ-စာရကမူ မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိတွင် ဤသို့ ရေးသားတော်မူခဲ့လေသည်။

"အရှင်မဟာဗုဒ္ဓဃောသသည် ပါဠိတော်အဖြာဖြာ အဖွင့် အဋ္ဌကထာတို့ကို ထင်ရှားစွာ ဖွင့်ဆိုရေးသားခဲ့သော်လည်း ဤပေဋကောပဒေသ အဋ္ဌကထာကိုကား နောက်ခေတ် မဟာထေရ်များအတွက် ရည်ရွယ်ချက်ဖြင့် ခြွင်းချန်၍ ထားခဲ့ဟန် အမှန်ဖြစ်ပေမည်ဟု ထင်မြင်ယူဆမိကြောင်း" ဖော်ဆောင်ခဲ့လေသည်။

**အဋ္ဌကထာကျမ်းပြုများ မတွက်ခဲ့**

ထို့ပြင် ဆရာတော်က ဆက်၍ဆိုပြန်သည်မှာ "မြန်မာရာဇဝင် ခေတ်အဆက်ဆက်တွင် ပိဋကအကျော်အမော် ထိပ်သီး ကျမ်းတတ်ဆရာတော်ကြီးများ ပေါ်ထွက်ခဲ့သော်လည်း ယင်းပေဋကောပဒေသ အဋ္ဌကထာကျမ်းများကို ရေးသားတော်မမူပဲ ဋီကာကျမ်းများကိုသာ ရေးသားတော် မူခဲ့ကြောင်း"ကို—

[ မြန်မာရာဇဝင် အဆက်ဆက် ပုဂံ၊ ပင်းယ၊ အင်းဝ၊ မန္တလေးခေတ်များ၌ ပိဋကမဟော် ရဟန်းတော်များ ထင်ပေါ်ကျော်ကြား ထွန်းကားခဲ့ပါသော်လည်း "ဗုဒ္ဓမတညု" ကျမ်းပြုနိုင်လောက် စွမ်းရောက်မှန်စွာ **အဋ္ဌကထာကျမ်းများ** ကို ရေးသားဖွင့်ဆိုခဲ့သည်ဟု မတွေ့မြင်ခဲ့ပေ။]

ပုဂံခေတ်တွင် ပိဋကအကျော်အမော် ထိပ်သီးကျမ်းတတ် ဆရာတော်ကြီးများသည် ဋီကာကိုသာ ရေးသားခဲ့သည်ကို တွေ့ရသည်။ သာလွန်မင်းတရားကြီးလက်ထက်၌မူ တောင်ဖီလာဆရာတော်သည် ဝိနည်းဆိုင်ရာ ဋီကာကျမ်းကိုသာ ရေးသားခဲ့ပေ၏၊ မကြာမီ ရှေးခေတ်ကပင် မြန်မာပြည်၌ အများဆုံးသောကျမ်းများကို ရေးသားတော်မူခဲ့သော လယ်တီဆရာတော်ကြီးပင်လျှင် "ဒီပနီဋီကာကျမ်း" ကိုသာ ရေးသားတော်မူခဲ့၏၊ မြန်မာပြည်ဖွား ရဟန်းတော်များသည် မာဂဓဘာသာ အဋ္ဌကထာကို ရေးသားစီရင်တော်မူခဲ့ကြသည်ဟု ဗမာ့ရာဇဝင်၌ မတွေ့မြင်ခဲ့ရပေ။

သီဟနာဒ ကြုံးဝါးတော်မူခြင်း

ယင်းသို့ အဖြစ်ကို တွေ့မြင်တော်မူရသော မင်းကွန်းဇေတဝန် ပေဋကောပဒေသ အဋ္ဌကထာကျမ်းပြု လောင်းလျာဖြစ်တော်မူသော (ထိုစဉ်အခါက ရဟန်း ၆-ဝါမျှသာ ရှိသေးသော) အရှင်နာရဒ အရှင်သူမြတ်သည် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့သော ပရမတ္ထဒီပနီကျမ်းကို တွေ့ရှိရာ မိမိသာကျမ်းပြုရသော် "အဋ္ဌကထာကျမ်း" ကိုသာ ရေးစီရင်မည်ဟု တောသုံးထောင် သေဋ္ဌနင်းခြသေ့မင်းကဲ့သို့ ရဲတင်းမတုန် မရွံ့မကြောက် ဟိန်းဟောက် မနသီ ကြုံစည်တော်မူခဲ့ကြောင်းဖြင့် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ သီဟနာဒ မြွက်ကြားတော်မူချက်ကို တင်ပြခဲ့လေသည်။

## ပါဠိတော်ကို အာဂုံဆောင်ခြင်း

မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးသည် ထိုကဲ့သို့ ကြိုးဝါးတော်မူပြီးနောက် ပိဋက တော်သုံးထောင်ကို မေ့ နှောက် ချောက်ချားတော်မူခဲ့၏။ နိကာယ်ငါးရပ် ပိဋက သမုဒ္ဒရာကို ပါရဂူမြောက် တဖက်ကမ်းရောက်အောင် ကူးတော် တော်မူခဲ့၏။ ဤသို့ဖြင့် ပိဋက တော တောင် သမုဒ္ဒရာတွင် နှစ်ပေါင်းသုံးဆယ်မျှကျင်လည်တော်မူပြီးနောက် သက်တော် ၅၀-အရွယ်တော်အရောက်တွင် ပေဋကောပဒေသ အဋ္ဌကထာ ကျမ်းကို ပြုစုစီရင်တော်မူခဲ့၏။ မပြုစီရင်မီ ပေဋကောပဒေသ ပါဠိတော်ကြီးကို နှုတ်ဝယ်အာဂုံ အရခဆောင်ခဲ့၏၊ ထို့နောက်မှ အဖွင့်သံဝဏ္ဏနာကျမ်းကို ရေးစီရင်တော်မူခဲ့၏၊ စီရင်တော် မူပြီးသည့် အဋ္ဌကထာကျမ်းကို စက်တင်ပုံနှိပ်ခြင်းမပြုပဲ ၄-နှစ် တိုင်တိုင် နှုတ်ဝယ်ဆောင်ပြီး အထပ်ထပ် သုတ်သင်ပြီးမှ ၁၂၈၈ - ခုနှစ်တွင် ပုံနှိပ်ဖြန့်ချိခဲ့ကြောင်း ဆရာတော်၏ အတ္ထုပ္ပတ္တိတွင် ဖော်ပြပါရှိလေသည်။

## ကျောက်ထက်အက္ခရာတင်ခြင်း

ဤသို့ဖြင့် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခေတ် အဆက်ဆက် ပညာရှင် အဆက်ဆက်တို့ ပေါ်ထွက်တော်မူခဲ့ သည့်တိုင်အောင် ထိုသည့် ပေဋကောပဒေသ အဋ္ဌကထာ ကျမ်းကို မည်သည့်ပုဂ္ဂိုလ်မျှ ရေးသားတော်မူခဲ့သည် မရှိခြင်း တို့ကြောင့် မင်းကွန်းဆရာတော်ဘုရားကြီး ထိုကဲ့သို့ ရေး သားတော်မူခဲ့သည်ကို ချီးကျူး ဂုဏ်ပြုသော အားဖြင့် မန္တလေးမြို့ တောင်တော်မြတ်တွင် သိတင်းသုံးတော်မူလျက်

ရှိသော "သာသနာ့ဟိတဓရ"ဘွဲ့ထူးရ နိုင်ငံကျော် ရသေ့ကြီး ဦးခန္တီက သိပေါ်ဘုရင်မင်းမြတ်၏ စန္ဒမုနိဘုရားဝင်းအတွင်း၌ ပေဋကောပဒေသ အဋ္ဌကထာကျမ်းကို ကျောက်ချပ်ပေါင်း ၂၈-ချပ်တို့ကို ရေးထွင်း၍ ကျောက်ထက်အက္ခရာတင်ထား ဂုဏ်ပြုပါကြောင်း။

မိလိန္ဒပဉှာအဋ္ဌကထာကျမ်း

မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးက ပေဋကောပဒေသ အဋ္ဌကထာကျမ်းကို ပြုစုတော်မူပြီး မြန်မာပြည် အရပ်ရပ်သို့ ထုတ်ဝေ ဖြန့်ချိလိုက်သည့် သတင်းသည် ပိဋကတ္တယဝိဒူ ပဏ္ဍိတ်အဆူဆူထံသို့ ပြန့်နှံ့ ကျော်ကြား လျက်ရှိရာ ထိုသတင်းသည် ဝိပဿနာ့ဓုရဖြင့် မွှေ လျော်လျက်ရှိသော မုံရွာမြို့ အဂ္ဂမဟာပဏ္ဍိတ မိုးညှင်း ဆရာတော်ဘုရားကြီးထံမှောက်သို့ သတင်းနှင့်တကွ ပေဋကောပဒေသ အဋ္ဌကထာကြီးပါ ဆိုက်ရောက်ပြီး ဖတ်ရှုတော် မူရာတွင် ဆရာတော်ဘုရားကြီးသည် အလွန်ပင် နှစ်သက် အားရ၍ ဝမ်းပန်းတသာဖြစ်တော်မူပြီး သာဓုအကြိမ်ကြိမ် ခေါ်လျက် ကြွင်းကျန်လျက်ရှိသော မိလိန္ဒပဉှာကျမ်းကြီး ကိုပါ ဆက်လက် ရေးသားတော်မူပါမည့် အကြောင်း သထုံမြို့ မင်းကွန်း ဇေတဝန်ဆရာတော် ဘုရားကြီးထံ မှောက်သို့ အရောက်ပင်ကြွခါ တောင်းပန်တော်မူ၏။ ထိုသို့ အဂ္ဂမဟာပဏ္ဍိတ မိုးညှင်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွရောက် တောင်းပန်သည်ကို အကြောင်းပြုပြီး မိလိန္ဒပဉှာ အဋ္ဌကထာကျမ်းကို မင်းကွန်း ဇေတဝန်ဆရာတော်ဘုရား ကြီးသည် ဆက်လက် ရေးသားတော်မူခြင်း ဖြစ်ပေ၏။ ဤသို့

ဖြင့် ရှေး အရှင်မဟာဗုဒ္ဓဃောသ၊ အရှင်ဓမ္မပါလ စသော အဋ္ဌကထာကျမ်းပြု ဆရာကြီးများ မရေးသားပဲ၊ နှစ်ပေါင်း ၂၀၀၀-မျှ ကွက်လပ်သဖွယ်ဖြစ်၍နေသော ပေဋကောပဒေသ ကျမ်းနှင့် မိလိန္ဒပဉှာကျမ်းများကို မြန်မာပြည်ဖွား မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး ရေးသားတော်မူခြင်းကြောင့် ကွက်လပ်ကြီးများ ပြည့်ဝသွားခြင်းကား မြန်မာနိုင်ငံ သာသနာအတွက် ဂုဏ်ယူဝင့်ကြွားစရာပင် ဖြစ်လေတော့သည်။ ဤသို့ဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား ပိဋကတ္တယဝိဒူ တဆူပါမောက် ပါရဂူမြောက် ဖြစ်တော်မူပါသတည်း။

မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ အရာတွင် အဋ္ဌကထာကျမ်းများကို ပြုလောက်အောင် ပြောင်မြောက်လှသည့် ပရိယတ္တိအာဇာနည် မဟုတ်သေးပါ။

ပဋိပတ္တိအရာတွင်လည်း ပြောင်မြောက်မာတင်အာဇာနည် အရှင်သူမြတ်ကြီး ဖြစ်ကြောင်းကို ဤသို့ သိရှိရပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သက်တော် ၃၇-နှစ်၊ သိက္ခာတော် ၁၇-ဝါ အရကပင် နိက္ခမ္မပါရမီ စုံညီရင့်သန်တော်မူသဖြင့် ပရိယတ္တိ ဂန္ထဓုရမှ ဖယ်ခွါ၍ ပဋိပတ္တိ ဝိပဿနာဓုရသို့ ကျင့်ဆောင်တော်မူရာတွင် ကေစာရီ တောရမှီလျက် အရိုးကြေကြေ အရေခန်းခန်း ဤဘဝ၌ပင် နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်ရမည်ဟူသော မဟာအဇ္ဈာသယ ဆန္ဒတော်ဖြင့် ကြိုးပမ်းတော်မူခဲ့၏။

ယင်းသို့ ကြိုးပမ်းတော် မူခဲ့သည့်အတိုင်းလည်း ဆန္ဒတော် ပြည့်ဝသွားကြောင်းကို ဆရာတော်ဘုရား ကြီး၏ နောက်ဆုံး သဒ္ဓိဝိဟာရိကတပည့်ကြီး အရှင်တိက္ခစာရက ဤသို့ ထုတ်ဖော်ရေးသားတော် မူခဲ့ပါသည်မှာ—

သက်တော် (၃၇)နှစ်မှစ၍ သတိပဋ္ဌာန်အပ္ပမာဒ အကျင့်နှင့် ( ၃ ) နှစ်မျှ ကြိုးစားအားထုတ်ခဲ့ရာ၊ ကိုယ်တိုင်ထွန်းပေါက် ဉာဏ်အမြင် ရောက်သော ကြောင့် သက်တော် (၄၀)၌ ပဋိပတ်လမ်းစဉ်ကို အမြင်မှန်ရကာ မိမိ၏ ဆန္ဒစိတ်တိုင်းကျ ဖြစ်ရသည် ဟု ကိုယ်တိုင် မိန့်မြွက်တော်မူဘူးလေသည်ဟု ဆိုနိုင်ပါသတည်း။

## ရဟန္တာဟုကြော်ကြားခြင်း

ယင်းသို့ ပဋိပတ္တိစခန်းတွင် အထက်တန်းသို့ ရောက်သွားတော်မူသည့် အဖြစ်ကြောင့် ဆရာတော် ဘုရားကြီးအား ရဟန္တာတပါးအဖြစ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ရေးခေတ်မှ စပြီး ဥဒါန်းတွင်ရစ်တော်မူခဲ့လေသည်၊ ယင်းသို့ ဥဒါန်းတွင် ရစ်ကြောင်းကို ဆရာတော်ဘုရားကြီး၏ အတ္တုပ္ပတ္တိတွင် "ငယ်စဉ်ကပင် ဇွဲသတ္တိရှိရှိနှင့် မိမိ၏ဆန္ဒအလျောက် ပေါ်ပေါက်လာသော အရာကို မနေမနား ကြိုးစားခဲ့သည့်အားလျော်စွာ ပရိယတ္တိအရာ၌လည်း အများနှင့်မတူ ထူးခြား ပေါ်ပေါက်ခဲ့သူဖြစ်ကာ၊ ပဋိပတ္တိအကျင့်လမ်း၌လည်း တစ်ဂဏန်းက ပေါ်ထွက်ခဲ့ပြီး

သာသနာတော်ကြီး၏ နောက်တခေတ်ဝယ် ,ထင်ရှားကျော်ကြား "ရဟန္တာတပါး" ဟု ပြည်ထောင်စုအစိုးရနှင့် လူထုအများကပင် ယုံကြည်သက်ဝင် "ဥဒါန်းတွင်ရစ်ခဲ့သည်" ဟု မှတ်တမ်းတင်ခဲ့ပါသတည်း။

**ကမ္ဘာကျော်ဆရာတော် ၂-ပါး**

ယင်းသို့ ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိဂုဏ်ရည်တို့ကို ယုံကြည်လေးစားလျက် ခယညွတ်တွား ပဋိပတ္တိနည်းနာများကို ခံယူရရှိပြီး "ပဋိပတ္တိနယ်ပယ်" တွင် ပြည်ထောင်စုမြန်မာနိုင်ငံတွင်သာမက ကမ္ဘာပင်ကျော်ကြားလှသည့်—

(၁) တောင်ပုလု ကမ္ဘာအေး ဆရာတော်ဘုရားကြီး၊ တောင်ပုလုတောရ မိတ္ထီလာ၊

(၂) အဂ္ဂမဟာပဏ္ဍိတ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး၊ ရန်ကုန်မြို့တို့မှာ ကျေးဇူးရှင် မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ တပည့်ကြီးတို့ပင် ဖြစ်တော်မူပါသည်။

**နိဗ္ဗာန်လမ်းညွှန်ကျမ်း**

ဆရာတော်ဘုရားကြီး၏ အကြောင်းကို "နိဗ္ဗာန်လမ်းညွှန်ကျမ်း" ၏ နိဒါန်းတွင် ဤမျှလောက်ဖြင့် တင်းတိမ်စေပြီး နိဗ္ဗာန်လမ်းညွှန်ကျမ်း ပေါ်ထွက်လာပုံကို အမြွက်မျှ ဆက်၍ ဆိုပါဦးအံ့။

ဆရာတော်ဘုရားကြီးသည် အထက်အညာမှ ကြွချီတော်မူလာပြီး သထုံမြို့ ဇေတဝန်ကျောင်းတိုက်ကြီးကို တည်

ထောင်တော်မူရာတွင် ဇေတဝန်ကျောင်းတိုက် နေရာသည့်
စတင်တည်ထောင်စဉ်အခါက "တောရကျောင်းပိပိ" တောချုံ
နွယ် မြက် ပေါင်းတို့ဖြင့် လွှမ်းခြုံပွေလီ၍ နေရကား **ဆရာတော်**
ဘုရားကြီးအား လာရောက် ဖူးမျှော်ကြည်ညိုတိုင်း၊ တရား
နာယူတိုင်း သစ်ပင်ချုံနွယ်တို့ကို ကြည့်ရင်း စိတ်မချမ်းမသာ
ဖြစ်လျက်ရှိသော စက်ရှင်မင်းကြီး **ဦးဘိုးစ** (ဝန်ထမ်းလေ့ကျင့်
ရွေးချယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်၏
အဘိုး)သည် ထိုမြင်မကောင်းသော သစ်ပင်ချုံနွယ်များကို
၎င်း၏ တပည့်များနှင့် နေ့စဉ်နေ့တိုင်း ခုတ်ထွင်ရှင်းလင်း
လျက်ရှိ၏။

ထိုသို့ နေ့စဉ်နေ့တိုင်း သစ်ပင်ချုံနွယ်တို့ကို ခုတ်ထွင်ရှင်း
လင်းနေသော ဦးဘိုးစကို ဆရာတော်ဘုရားကြီးသည် စင်္ကြံ
ကြွတော်မူရင်း မြင်သဖြင့် "ရုက္ခံ၊ သစ်ပင်ချုံနွယ်အပေါင်း
တည်းဟူသောတောကို။ မာ ဆိန္ဒထ၊ မဖြတ်လင့် (ဝါ) မရှင်း
နှင့်။ ဝနံ၊ တဏှာ တည်းဟူသော တောကို။ ဆိန္ဒထ၊ ဖြတ်
လော့။ (ဝါ) ရှင်းလင်းလော့" ဟု ဆုံးမတော်မူသောအားဖြင့်
၎င်းကို အကြောင်းပြု၍ နိဗ္ဗာန်လမ်းညွှန်ကျမ်းကို ရေးသား
တော်မူကြောင်း ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိတွင်
ဖော်ပြပါရှိပါသတည်း။

နိဗ္ဗာန်လမ်းညွှန်ကျမ်းသည် ဒွါရခြောက်ပါးဝယ် ပေါ်လာ
တိုင်းသော အာရုံ ၆-ပါးတို့ကို အမြဲမပြတ် သတိကပ်၍
ရှုမှတ်ရမည်ဖြစ်ကြောင်း ရှုနည်းရှုပုံကို ဖော်ပြထားသော
ကျမ်းဖြစ်ရကား ထိုကျမ်းလာအတိုင်း ရှုမှတ်ရင်းဖြင့် မည်မျှ

တိုင် နိဗ္ဗာန်လမ်းညွှန် ဖြစ်မည်ဖြစ်ကြောင်းကို ကျင့်ကြံသူ၏ အပေါ် ဝယ် တည်ရှိပေသတည်း။

ထိုကျမ်းကို မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့်သားမြေးလည်းဖြစ်၍ ဘိုး ဘွား မိဘတို့၏ အမွေအနှစ်ကို ဆက်လက် ဆက်ခံသောအားဖြင့် ဓမ္မဒါနပြုလှူလေ့ရှိသော ဝန်ထမ်းလေ့ကျင့်ရွေးချယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်သည် ယခုတဖန် ဒုတိယအကြိမ် ဓမ္မဒါနအဖြစ် ပုံနှိပ်ဖြန့်ချီခြင်းဖြစ်ပါကြောင်း။

(ခင်မောင်ကျော်)
လ/ထ တိုင်းသာသနာရေးဦးစီးဌာနမှူး
သာသနာရေးဦးစီးဌာန။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

ဝနံ ဆိန္ဒထ မာ ရုက္ခံ၊ ဝနတော ဇာယတေ ဘယံ၊
ဆေတွာ ဝနံ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။
( ဓမ္မပဒ ပါဠိတော်။ )

ဘိက္ခဝေါ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ဝနံ၊ တဏှာ တည်းဟူသော တောကို။ ဆိန္ဒထ၊ ဖြတ်ကြကုန်လော့။ ရုက္ခံ၊ သစ်ပင်တည်းဟူသော တောကို။ မာ ဆိန္ဒထ၊ မဖြတ်ကြပါကုန်လင့်။ ဝနတော၊ တဏှာတည်းဟူသော တောမှ။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်ပေါ်လာ၏။ ဝနဉ္စ၊ တဏှာတည်းဟူသော တောကိုငင်း။ ဝနထဉ္စ၊ တဏှာ၏တည်ရာ အာရုံ (၆) ပါး တရားတည်းဟူသော တောအုပ်ကိုငင်း။ ဆေတွာ၊ ညက်ညက် နုတ်နုတ် ခုတ်ဖြတ်ပယ်ချ၍။ နိဗ္ဗာနာ၊ တဏှာ ကင်းငြိမ်းကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။

တဏှာတည်းဟူသော တောကိုဖြတ်၊ သစ်ပင်တည်းဟူသော တောကို မဖြတ်နဲ့၊ တဏှာတည်းဟူသော တောက ဘေးဖြစ်၏။ သစ်ပင်တည်းဟူသော တောက ဘေးမဖြစ်ပါ။ တဏှာတည်းဟူသော တောက အဘယ် ဘေး ဖြစ်ပေါ်ပါ သလဲလို့ဆိုတော့၊ တဏှာတည်းဟူသော တောက ပဋိသန္ဓေ နေရတဲ့ ဇာတိဘေး၊ အိုရတဲ့ ဇရာဘေး၊ နာရတဲ့ ဗျာဓိဘေး၊ သေရတဲ့ မရဏဘေး၊ စိုးရိမ်ရတဲ့ သောကဘေး၊ ငိုကြွေးရ

တဲ့ ပရိဒေဝဘေး၊ ကိုယ်ဆင်းရဲရတဲ့ ဒုက္ခဘေး၊ စိတ်ဆင်း-ရဲရတဲ့ ဒေါမနဿဘေး၊ စိတ်ပူလောင်ပင်ပန်းတဲ့ ဥပါယာ-သဘေး၊ အကုသိုလ် ကာယကံဘေး၊ ဝစီကံဘေး၊ မနောကံဘေး၊ အပါယ်ဘေး ဖြစ်ပေါ်ပါတယ်တဲ့။

အဲ ဘေးဖြစ်ပေါ်သောကြောင့် ဘေး မဖြစ်မပေါ်အောင် တဏှာတည်းဟူသော တောကိုဖြတ်။ သစ်ပင်တည်းဟူသောတောကို မဖြတ်နဲ့လို့ ဆိုလိုပါတယ်တဲ့။

ဘေးဖြစ်ပေါ်ရာ ဖြစ်ရဖို့ **တဏှာက (၆)ပါး**တဲ့။ (၆)ပါးဆိုတာက ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ (၆) ပါးတဲ့။ တဏှာ၏တည်ရာ**အာရုံ (၆) ပါး ဆိုတာက** ရူပတဏှာ၏တည်ရာ အဆင်းတဲ့။ သဒ္ဒ တဏှာ၏တည်ရာ အသံတဲ့။ ဂန္ဓ တဏှာ၏တည်ရာ အနံ့တဲ့။ ရသ တဏှာ၏တည်ရာ အရသာတဲ့။ ဖောဋ္ဌဗ္ဗ တဏှာ၏တည်ရာ အတွေ့တဲ့၊ ဓမ္မ တဏှာ၏တည်ရာ သဘောတဲ့၊ အဲ ဤတဏှာ၏တည်ရာ အာရုံ (၆) ပါး တရားက **တောအုပ်**၊ တဏှာ (၆) ပါး တရားကတော့ **တော**။

တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ်ချပြီးတော့ တဏှာကင်းကြ။ တဏှာ ငြိမ်းကြလို့ ဆိုလိုပါတယ်တဲ့။

တောနှင့် တောအုပ်ကို ခုတ်ဖြတ်ပယ်ချ၍ တဏှာကင်းကြ၊ တဏှာငြိမ်းကြဆိုတဲ့ အဓိပ္ပါယ်က=ကိလေသာဟူသမျှပဟာနေကဋ္ဌ—အားဖြင့် **ပယ်လျှင်လဲအတူ**၊ သဟဇေကဋ္ဌ-အားဖြင့် **ဖြစ်လျှင်လဲအတူ**၊ တဏှာကိုယူသဖြင့် ကိလေသာဟူသမျှအကုန်ရသတဲ့။ ရသောကိလေသာ အကျဉ်းအားဖြင့်

ဆယ်ပါး။ အကျယ်အားဖြင့် ( ၁၅၀၀ ) တထောင့်ငါးရာရှိသော်လည်း၊ အရင်းမူလအားဖြင့် လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟ ကိလေသာ (၃)ပါးပါပဲတဲ့။

လောဘ ကိလေသာလဲ မေ့တဲ့သဘော ( မဓမ္မနဲ့ ) ဒေါသ ကိလေသာလဲ မေ့တဲ့သဘော ( မမေ့နဲ့ ) မောဟကိလေသာလဲ မေ့တဲ့သဘော ( မဓမ္မနဲ့ ) မမေ့လျှင် ထင်တဲ့သတိ သတိထင်လျှင် ထင်တိုင်း ထင်တိုင်း အသိဉာဏ်ရင့်၊ အသိဉာဏ် ရင့်တိုင်းရင့်တိုင်း **ဝိပဿနာနေပဏ္ဏပညာ**။ အဲသည်လို မမေ့မလျော့ ထင်သော သတိနှင့် အသိဉာဏ်ရင့်လျက် ဖြစ်သော ဝိပဿနာနေပဏ္ဏပညာ ၂-ပါးစုံ ပါတော့၊ ပေါ်လာတိုင်း ပေါ်လာတိုင်း အာရုံမှာ၊ သမာဓိဘာဝနာမည်သော ဝိပဿနာစိတ် တည်သတဲ့၊ သမာဓိဘာဝနာ ဝိပဿနာစိတ် တည်သောသူမှသာလျှင် **ဟုတ်တိုင်းမှန်စွာသိသတဲ့**။

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ အပ္ပမတ္တော နိပက္ကော သတော။
သမာဟိတော ဘိက္ခဝေ၊ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(သဠာယတနသံယုတ် နေတ္တိပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။အပ္ပမတ္တော၊ မမေ့မလျော့။သတော၊ ထင်သော သတိ ရှိသည် ဖြစ်၍။ နိပက္ကော၊ ရင့်ကျက်သော အသိဉာဏ်ရှိသည်ဖြစ်၍။ အဟံ၊ ငါဘုရားသည်။ သမာဓိံ၊ စိတ်တည်ခြင်းကို။ ဘာဝေထ၊ ပွါးစေလို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်သော။ ဘိက္ခု၊ ရဟန်းသည်၊ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။

ဟုတ်တိုင်းမှန်စွာ သိသော သူမှ သာလျှင် တောအုပ်ကို ခုတ်ဖြတ်သတဲ့၊ တောအုပ်ကို ခုတ်ဖြတ်သော သူမှသာလျှင် တောကိုပယ်ချသတဲ့၊ တောကို ပယ်ချသော သူမှ သာလျှင် တဏှာ ကင်းငြိမ်းသတဲ့၊ တဏှာ ကင်းငြိမ်းဆိုတာက နိရောဓ သစ္စာကို မျက်မှောက် ပြုတာပဲလို့ မြတ်စွာဘုရားက ဟော တော်မူတာပဲတဲ့။

တောကို ပယ်ချဆိုတာက သမုဒယသစ္စာကို ပယ်တာပဲ လို့ မြတ်စွာဘုရားက ဟောတော်မူတာပဲ တဲ့။ တောအုပ် ကို ခုတ်ဖြတ် ဆိုတာက၊ ဒုက္ခသစ္စာကို ပိုင်းခြားတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့၊ ဟုတ်တိုင်း မှန်စွာ သိခြင်းတာက မဂ္ဂသစ္စာကို ပွါးတာပဲလို့ မြတ်စွာ ဘုရားက ဟောတော်မူတာပဲတဲ့။

အဲ–သည်လို ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ၊ သမုဒယ သစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စ၊ မဂ္ဂသစ္စာကို ပွါးခြင်းဆိုတဲ့ မဂ်ကိစ္စ (၄) ချက် တပြိုင် နက် တချက်တည်း ပြီးစီးဖို့ရာ တဏှာကင်းကြ တဏှာ ငြိမ်း ကြအောင် တောနှင့်တောအုပ်ကို အဘယ်လို ခုတ်ဖြတ်ပယ်ချ ပါသလဲ၊ တောနှင့်တောအုပ်ကို ခုတ်ဖြတ်ပယ်ချအောင် ဟုတ် တိုင်းမှန်စွာ အဘယ်လိုသိရပါသလဲလို့ ဆိုတော့ ပြောဟော လတ္တံ့သော ဒေသနာနည်းဖြင့် အပြီးတိုင်အောင် သိရပါလိမ့် မယ်တဲ့။

ကိစ္စ ယထာဘူတံ ပဇာနာတိ၊ စက္ခုံ အနိစ္စန္တိ ယထာဘူ- တံ ပဇာနာတိ၊ ရူပါ အနိစ္စာတိ ယထာဘူတံ ပဇာနာတိ။ စက္ခုဝိညာဏံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ၊ စက္ခု

သမ္ဖဿော အနိစ္စောတိ၊ ယထာဘူတံ ပဇာနာတိ။ ယမိဒံ
စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံဝါ
အဒုက္ခမသုခံ ဝါ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။
သောတံ၊ ပ။ မနော အနိစ္စောတိ ယထာဘူတံ ပဇာနာတိ။
ဓမ္မာအနိစ္စာတိ ယထာဘူတံ ပဇာနာတိ။ မနောဝိညာဏံ
အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ မနောသမ္ဖဿော အနိ-
စ္စောတိ ယထာဘူတံ ပဇာနာတိ။ ယမိဒံ မနောသမ္ဖဿပစ္စယာ
ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ
တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ (ရင်းပါဠိတော်။)

ကိဥ္စ၊ အဘယ်သို့လျှင်။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာ-
နာတိ၊ သိသနည်း။ စက္ခုံ၊ မျက်စိသည်။ အနိစ္စံ၊ မမြဲ။ ဣတိ၊
ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ ရူပါ၊ အဆင်း
တို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဣတိ၊ ဤသို့။ ယထာဘူတံ၊
ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။
အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာ-
နာတိ၊ သိ၏။ စက္ခုသမ္ဖဿော၊ မျက်စိဖြင့်မြင်ခြင်း၏ အဆင်း
နှင့်တွေ့ခြင်းသည်၊ အနိစ္စော၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊
ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိ
ဖြင့်မြင်ခြင်း၏ အဆင်းနှင့်တွေ့ခြင်းကြောင့်။ သုခံ ဝါ၊ ချမ်း
သာသည်လည်း ဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲသည်လည်း ဖြစ်
သော။ အဒုက္ခမသုခံ ဝါ၊ ဆင်းရဲသည်လည်းမဟုတ် ချမ်းသာ
သည်လည်း မဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစား
ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။
အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာ-

နာတိ၊ သိ၏။ (ဒုက္ခံ၊ ဆင်းရဲ။ အနတ္တာ၊ အစိုးမရဟူ၍လည်း ဆိုလေ။)သောတံ၊နားသည်။ပ။ မနော၊စိတ်သည်။အနိစ္စော၊ မမြဲ။ဣတိ၊ဤသို့။ ယထာဘူတံ၊ဟုတ်တိုင်း။ ပဇာနာတိ၊သိ၏။ ဓမ္မာ၊ သဘောတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊. သိ၏။ မနောဝိညာဏံ၊ သိခြင်းသည်။ အနိစ္စံ၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ပဇာနာတိ၊သိ၏။ မနောသမ္ဖဿော၊ စိတ်ဖြင့်သိခြင်း၏ သဘောနှင့် တွေ့ခြင်းသည်။ အနိစ္စော၊ မမြဲ။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်ဖြင့်သိခြင်း၏ သဘောနှင့် တွေ့ခြင်းကြောင့်။ သုခံ ဝါ၊ ချမ်းသာသည်လည်း ဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲသည်လည်းဖြစ်သော။ အဒုက္ခမသုခံဝါ၊ ဆင်းရဲသည်လည်း မဟုတ် ချမ်းသာသည်လည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုခံစားခြင်းသည်လည်း။အနိစ္စံ၊မမြဲ။ဣတိ၊ဤသို့။ယထာဘူတံ၊ ဟုတ်တိုင်း။ ပဇာနာတိ၊ သိ၏။(ဒုက္ခံ၊ဆင်းရဲ၏။ အနတ္တာ၊ အစိုးမရ ဟူ၍လည်း ဆိုလေ။)

ဟုတ်တိုင်းမှန်စွာ သိဖို့ရာကား—ခဏ (၆) ပါးပါတဲ့၊ ခဏ (၆)ပါးဆိုတာကမြင်သောခဏ, ကြားသောခဏ,နံသောခဏ, စားသောခဏ, ထိသောခဏ, သိသောခဏ (၆)ပါးပါတဲ့။

မြင်သောခဏဆိုတာက မျက်စိကလဲ ကြည်သတဲ့၊ အဆင်းကလဲထင်သတဲ့၊ စက္ခုဝိညာဉ်ကလဲမြင်သတဲ့၊ ဖဿကလဲတွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့၊ အဲ...သည်လို မျက်စိကလဲကြည်၊ အဆင်းကလဲထင်၊ စက္ခုဝိညာဉ်ကလဲ

မြင်၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတဲ့ကာလကို မြင်သောခဏလို့ ဆိုလိုပါတယ်တဲ့၊ သို့ဖြစ်၍ မြင်သောခဏ မြင်, မြင်တယ်လို့မှတ်လျှင် မြင်,**ကုန်တယ်လို့** ထင်သောသူမှာ မျက်စိလဲမမြဲ၊ အဆင်းလဲမမြဲ၊ မြင်တာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်**တိုင်းမှန်စွာ သိတာပဲလို့** မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

အနိစ္စတော မနသိကရောတော ခယတော သမ္ပါရာ ဥပဋ္ဌဟန္တိ။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော်။)

အနိစ္စတော၊ မမြဲဟု။ မနသိကရောတော၊ နှလုံးသွင်းမိသောသူအား။ ခယတော၊ ကုန်၏ဟု။ သမ္ပါရာ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ။ ထင်ကုန်၏။

အနိစ္စပဲ မမြဲနှလုံးသွင်းသောသူ၏ စိတ်အသိအမြင်မှာ အာရုံပြုမိတဲ့ ရုပ်နာမ်,ခန္ဓာ,သင်္ခါရ ကုန်တာပဲလို့ ထင်ရုံမျှပါပဲတဲ့၊ အနိစ္စပဲ မမြဲဟု နှလုံးသွင်းမှုအပ်မံ၍ ပြုရတော့မည် မဟုတ်ပါ၊ ကုန်တာပဲလို့ ထင်ကတဲက အနိစ္စပဲ မမြဲတဲ့အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရသတဲ့၊

**ကြားသောခဏဆိုတာက** နားကလဲကြည်သတဲ့၊ အသံကလဲထင်သတဲ့၊ သောတဝိညာဉ်ကလဲ ကြားသတဲ့၊ ဖဿကလဲ တွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့၊ အဲ–သည်လို နားကလဲကြည်၊ အသံကလဲထင်၊ သောတ ဝိညာဉ်ကလဲ ကြား၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံပေါင်း

ဆုံမိတဲ့ကာလကို ကြွားသောခဏလို့ ဆိုလိုပါတယ်တဲ့၊ သို့ဖြစ်၍ ကြွားသောခဏ—ကြွား,ကြွားတယ်လို့ မှတ်လျှင်ကြွား, ကုန်တယ်လို့ ထင်သောသူမှာ၊ နားလဲမမြဲ၊ အသံလဲမမြဲ၊ ကြွားတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲ မမြဲဟုဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

နံသောခဏဆိုတာက နှာကလဲ ကြည်သတဲ့၊ အနံ့ကလဲထင်သတဲ့၊ ဃာနဝိညာဉ်ကလဲနံသတဲ့၊ ဖဿကလဲတွေ့သတဲ့၊ ဝေဒနာကလဲခံစားသတဲ့။

အဲသည်လို နှာကလဲကြည်၊ အနံ့ကလဲထင်၊ ဃာနဝိညာဉ်ကလဲနံ၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံပေါင်းဆုံမိတဲ့ ကာလကို နံသောခဏလို့ ဆိုလိုပါတယ်တဲ့၊ သို့ဖြစ်၍ နံသောခဏ နံ, နံတယ်လို့ မှတ်လျှင် နံ,ကုန်တယ်လို့ ထင်သောသူမှာ နှာလဲမမြဲ၊ အနံ့လဲမမြဲ၊ နံတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်တိုင်းမှန်စွာသိတာပဲလို့မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

**စားသောခဏဆိုတာ** လျှာကလဲ ကြည်သတဲ့၊ အရသာလဲ ထင်သတဲ့၊ ဇိဝှါဝိညာဉ်ကလဲ စားသတဲ့၊ ဖဿကလဲ တွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့၊ အဲ...သည်လိုလျှာကလဲကြည်၊ အရသာကလဲထင်၊ ဇိဝှါ ဝိညာဉ်ကလဲစား၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတဲ့ကာလကို စားသောခဏလို့ ဆိုလို ပါတယ်တဲ့၊ သို့ဖြစ်၍ စားသောခဏ စား, စားတယ်လို့ မှတ်လျှင် စား

ကုန်တယ်လို့ ထင်သောသူမှာ လျှာလဲမမြဲ၊ အရသာလဲမမြဲ၊ စားတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

ထိသောခဏဆိုတာက ကိုယ်ကလဲကြည်သတဲ့၊ အတွေ့ကလဲထင်သတဲ့။ ကာယဝိညာဉ်ကလဲ ထိသတဲ့၊ ဖဿကလဲ တွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့။ အဲသည်လိုကိုယ်ကလဲကြည်၊ အတွေ့ကလဲထင်၊ ကာယ ဝိညာဉ်ကလဲထိ၊ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတဲ့ ကာလကို ထိသော ခဏလို့ ဆိုလိုပါတယ်တဲ့။ သို့ဖြစ်၍ ထိသောခဏ ထိ၊ ထိတယ်လို့မှတ်လျှင် ထိ၊ ကုန်တယ်လို့ထင်သောသူမှာ ကိုယ်လဲမမြဲ၊ အတွေ့လဲမမြဲ၊ ထိတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

သိသောခဏဆိုတာက နှလုံးကလဲ ကြည်သတဲ့၊ သဘောကလဲ ထင်သတဲ့၊ မနောဝိညာဉ်ကလဲ သိသတဲ့၊ ဖဿကလဲ တွေ့သတဲ့၊ ဝေဒနာကလဲ ခံစားသတဲ့၊ အဲ–သည်လို နှလုံးကလဲကြည် သဘောကလဲထင် မနောဝိညာဉ်ကလဲသိ ဖဿကလဲတွေ့၊ ဝေဒနာကလဲခံစား၊ ငါးပါးစုံ ပေါင်းဆုံမိတဲ့ကာလကို သိသော ခဏလို့ ဆိုလိုပါတယ်တဲ့။ သို့ဖြစ်၍ သိသောခဏ သိ၊ သိတယ်လို့မှတ်လျှင် သိ၊ ကုန်တယ်လို့ထင်သောသူမှာ နှလုံးလဲမမြဲ၊ သဘောလဲမမြဲ၊ သိတာလဲမမြဲ၊ တွေ့တာလဲမမြဲ၊ ခံစားတာလဲမမြဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

(ဤကား အနိစ္စ၏ အဓိပ္ပါယ်)

မြင်သောခဏ မြင်, မြင်တယ်လို့မှတ်လျှင် မြင်, ဘေးလို့ ထင်သောသူမှာ မျက်စိလဲဆင်းရဲ၊ အဆင်းလဲ ဆင်းရဲ၊ မြင်တာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ဒုက္ခတော၊ ဆင်းရဲဟု။ မနသိကရောတော၊ နှလုံးသွင်းမိသောသူအား။ ဘယတော၊ ဘေးဟု။ သင်္ခါရာ၊ ရုပ်,နာမ်, ခန္ဓာ,သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဒုက္ခပဲ ဆင်းရဲဟု နှလုံးသွင်းသော သူ၏ စိတ်အသိအမြင်မှာ အာရုံပြုမိတဲ့ ရုပ်, နာမ်, ခန္ဓာ, သင်္ခါရ ဘေးလို့ ထင်ရှံမျှပါပဲတဲ့။ ဒုက္ခပဲ ဆင်းရဲဟု နှလုံးသွင်းမှု တပ်မံ၍ ပြုရတော့သည် မဟုတ်ပါ။ ဘေးလို့ထင်ကတည်းက ဒုက္ခပဲ ဆင်းရဲတဲ့အနေ၊ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရသတဲ့။

ကြားသောခဏ ကြား, ကြားတယ်လို့ မှတ်လျှင် ကြားဘေးလို့ ထင်သောသူမှာ နားလဲဆင်းရဲ၊ အသံလဲ ဆင်းရဲ၊ ကြားတာလဲဆင်းရဲ၊တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

နံသောခဏ နံ, နံတယ်လို့ မှတ်လျှင် နံဘေးလို့ ထင်သောသူမှာ နှာလဲဆင်းရဲ၊ အနံ့လဲဆင်းရဲ၊ နံတာလဲ ဆင်းရဲ၊

တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲပဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

စားသောခဏ စား, စားတယ်လို့ မှတ်လျှင် စားဘေးလို့ ထင်သောသူမှာ လျှာလဲဆင်းရဲ၊ အရသာလဲဆင်းရဲ၊ စားတာလဲ ဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲပဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

ထိသောခဏ ထိ, ထိတယ်လို့ မှတ်လျှင် ထိဘေးလို့ ထင်သောသူမှာ ကိုယ်လဲဆင်းရဲ၊ အတွေ့လဲဆင်းရဲ၊ ထိတာလဲဆင်းရဲ၊ တွေ့တာလဲ ဆင်းရဲ၊ ခံစားတာလဲ ဆင်းရဲပဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

သိသောခဏ သိ, သိတယ်လို့ မှတ်လျှင် သိဘေးလို့ ထင်သောသူမှာနှလုံးလဲဆင်းရဲ၊သဘောလဲဆင်းရဲ၊သိတာလဲဆင်းရဲ၊ တွေ့တာလဲဆင်းရဲ၊ ခံစားတာလဲဆင်းရဲပဲဟု ဟုတ်တိုင်းမှန်စွာသိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

(ဤကား ဒုက္ခ၏ အခိပ္ပါယ်)

မြင်သောခဏ မြင်,မြင်တယ်လို့မှတ်လျှင် မြင်ဆိတ်တယ်လို့ ထင်သောသူမှာ မျက်စိလဲအစိုးမရ၊ အဆင်းလဲအစိုးမရ၊ မြင်တာလဲ အစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရပဲဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

**အနတ္တတော မနသိကရောတော သညာတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)**

အနတ္တတော၊ အစိုးမရဟု။ မနသိကရောတော၊ နှလုံးသွင်းမိသော သူအား။ သညာတော၊ ဆိတ်၏ဟု။ သင်္ခါရာ၊ ရုပ်, နာမ်, ခန္ဓာ, သင်္ခါရတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

**အနတ္တပဲ** အစိုးမရဟု နှလုံးသွင်းသောသူ၏ **စိတ်အသိ** အမြင်မှာ အာရုံပြုမိတဲ့ ရုပ်, နာမ်, ခန္ဓာ, သင်္ခါရ ဆိတ်တယ်လို့ ထင်ရုံမျှပါပဲတဲ့၊ အနတ္တပဲ အစိုးမရဟု နှလုံးသွင်းမှု ထပ်မံ၍ ပြုရတော့သည် မဟုတ်ပါ၊ ဆိတ်တယ်လို့ ထင်ကတည်းက အနတ္တပဲ၊ အစိုးမရတဲ့အနေ ဟုတ်တိုင်းပင် သိပေသည်လို့ ဆိုရသတဲ့။

ကြားသော ခဏ ကြား, ကြားတယ်လို့ မှတ်လျှင် ကြား ဆိတ်တယ်လို့ ထင်သောသူမှာ နားလဲ အစိုးမရ၊ အသံလဲ အစိုးမရ၊ ကြားတာလဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲ အစိုးမရဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

နံ့သော ခဏ နံ့, နံ့တယ်လို့မှတ်လျှင် နံ့ဆိတ်တယ်လို့ ထင်သောသူမှာ နှာလဲ အစိုးမရ၊ အနံ့လဲ အစိုးမရ၊ နံ့တာလဲ အစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရဟု ဟုတ်တိုင်းမှန်စွာသိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

စားသော ခဏ...စား စားတယ်လို့မှတ်လျှင် **စားဆိတ်တယ်လို့** ထင်သောသူမှာ လျှာလဲ အစိုးမရ၊ အရသာလဲအစိုးမရ၊ စားတာလဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲ

အစိုးမရဟု ဟုတ်တိုင်းမှန်စွာ သိတာပဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

**ထိသောခဏ....**ထိ, ထိတယ်လို့မှတ်လျှင် ထိ **ဆိတ်တယ်လို့** ထင်သောသူမှာ ကိုယ်လဲအစိုးမရ၊ အတွေ့လဲအစိုးမရ၊ ထိတာလဲအစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရဟု **ဟုတ်တိုင်းမှန်စွာသိတာပဲလို့** မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။

**သိသောခဏ....**သိ, သိတယ်လို့မှတ်လျှင် သိ **ဆိတ်တယ်လို့** **ထင်သောသူမှာ**လဲ အစိုးမရ၊ သဘောလဲ အစိုးမရ၊ သိတာလဲ အစိုးမရ၊ တွေ့တာလဲအစိုးမရ၊ ခံစားတာလဲအစိုးမရဟု **ဟုတ်တိုင်းမှန်စွာသိတာပဲလ** မြတ်စွာဘုရားက ဟောတော်မူတာပဲတဲ့။ (ဤကား အနတ္တ၏ အဓိပ္ပါယ်။)

မြင်, မြင်တယ်လို့ မှတ်လျှင် မြင်ကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က မြင်သောခဏ....မျက်စိကြည်တာ, အဆင်းထင်တာကရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက **နာမ်**၊ ဤရုပ်နာမ်က မြင်တာပဲ မြင်တယ်လို့မှတ်တာက **ဝိပဿနာဉာဏ်ပဲ**၊ မြင်ကုန်တာက အနိစ္စပဲ၊ ကုန်တယ်လို့ထင်တာက **အနိစ္စထင်တာပဲ**၊ အနိစ္စထင် နိစ္စကိုမြင်မှ **မဂ်ဝင်တာပဲ**။

ကြား, ကြားတယ်လို့မှတ်လျှင် ကြားကုန်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က ကြားသောခဏ နားကြည်တာ အသံထင်တာက ရုပ်၊ ကြားတာ, တွေ့တာ ခံစားတာက **နာမ်**၊ ဤရုပ်နာမ်က **ကြားတာပဲ**၊ ကြားတယ်လို့မှတ်တာက **ဝိပဿနာ**

ဉာဏ်ပဲ၊ ကြားကုန်တာက အနိစ္စပဲ၊ ကုန်တယ်လို့ထင်တာက အနိစ္စထင်တာပဲ၊ အနိစ္စထင်, နိစ္စကိုမြင်မှ မဂ်ဝင်တာပဲ။

နံ့, နံ့တယ်လို့မှတ်လျှင် နံ့ကုန်တယ်လို့ထင်ဆိုတဲ့ အခိပ္ပါယ်က နံ့သောခဏ.... နှာကြည်တာ၊ အနံ့ထင်တာက ရုပ်၊ နံ့တာ တွေ့တာ ခံစားတာက နာမ်၊ ဤရုပ်နာမ်က နံ့တာပဲ၊ နံ့တယ်လို့မှတ်တာက ဝိပဿနာဉာဏ်ပဲ၊ နံ့ကုန်တာက အနိစ္စပဲ၊ ကုန်တယ်ထင်တာက အနိစ္စထင်တာပဲ၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တာပဲ။

စား, စားတယ်လို့မှတ်လျှင် စားကုန်တယ်လို ထင်ဆိုတဲ့ အခိပ္ပါယ်က စားသောခဏ...လျှာကြည်တာ၊ အရသာထင် တာက ရုပ်၊ စားတာ, တွေ့တာ, ခံစားတာက နာမ်၊ ဤရုပ် နာမ်က စားတာပဲ၊ စားတယ်လို့မှတ်တာက ဝိပဿနာဉာဏ် ပဲ၊ စားကုန်တာက အနိစ္စပဲ၊ ကုန်တယ်ထင်တာက အနိစ္စထင် တာပဲ၊ အနိစ္စထင် နိစ္စကိုမြင်မှ မဂ်ဝင်တာပဲ။

ထိ, ထိတယ်လို့မှတ်လျှင် ထိကုန်တယ်လို့ ထင်ဆိုတဲ့ အခိပ္ပါယ်က ထိသောခဏ....ကိုယ်ကြည်တာ၊ အတွေ့ထင်တာ က ရုပ်၊ ထိတာ,တွေ့တာ,ခံစားတာက နာမ်၊ ဤရုပ်နာမ်က ထိတာပဲ၊ ထိတယ်လို့မှတ်တာက ဝိပဿနာဉာဏ်ပဲ၊ ထိကုန် တာက အနိစ္စပဲ၊ ကုန်တယ်လို့ထင်တာက အနိစ္စထင်တာပဲ၊ အနိစ္စထင်, နိစ္စကိုမြင်မှ မဂ်ဝင်တာပဲ။

သိ, သိတယ်လို့မှတ်လျှင် သိကုန်တယ်လို့ထင် ဆိုတဲ့ အခိပ္ပါယ်က သိသောခဏ....နှလုံးကြည်တာ၊ သဘောထင်တာ က ရုပ်။ သိတာ,တွေ့တာ,ခံစားတာက နာမ်၊ ဤရုပ်,နာမ်က

သိတာပဲ၊ သိတယ်လို့မှတ်တာက ဝိပဿနာဉာဏ်ပဲ၊ သိကုန်တာက အနိစ္စပဲ၊ ကုန်တယ်လို့ထင်တာက **အနိစ္စထင်တာပဲ**၊ အနိစ္စထင်, နိစ္စကိုမြင်မှ **မဂ်ဝင်တာပဲ**။

**အနိစ္စထင်**, နိစ္စကိုမြင်မှ မဂ်ဝင်တာပဲလို့ ဆိုတဲ့အဓိပ္ပါယ်က **အမှတ်ပြု**တဲ့ ရုပ်, နာမ်,အာရုံ ဖြစ်ပျက်၍ကုန်တာကို **ကုန်တယ်လို့ ထင်မှသာ** မုချသိမြင် ဝိပဿနာဉာဏ်က **အနိစ္စထင်**တာပဲလို့ ဆိုရသတဲ့၊ အနိစ္စထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင် ကုန်တယ်လို့ ထင်မှသာ၊ ဖြစ်ပျက်၍ကုန် အမှတ်ပြုတဲ့ **ရုပ် နာမ်အာရုံမှာ** ကံ, ကိလေသာ အသစ်အဟောင်း **အကြောင်း**လဲ မဖြစ်။ ဘဝတဖန် အသစ် ကံ, ကိလေသာ၏ **အကျိုး**လဲ မဖြစ်၊ မဖြစ်လျှင်လဲမပျက်၊ မဖြစ်မပျက် ကေန်ဘဝတဖန် ခန္ဓာ,နာမ်,ရုပ် **ချုပ်တဲ့နိဗ္ဗာန်ကို** မဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တာပဲလို့ ဆိုရသတဲ့။

မြင်, မြင်တယ်လို့ မှတ်လျှင် မြင်, ဘေးလို့ထင်ဆိုတဲ့ **အဓိပ္ပါယ်က** မြင်သောခဏ....မျက်စိကြည်တာ, **အဆင်း**ထင်တာက ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက **နာမ်**၊ ဤရုပ်နာမ်က **မြင်တာ**ပဲ၊ မြင်တယ်လို့မှတ်တာက ဝိပဿနာဉာဏ်ပဲ၊ မြင်တဲ့ဘေးက ဒုက္ခပဲ၊ ဘေးလို့ထင်တာက **ဒုက္ခထင်တာ**ပဲ၊ ဒုက္ခထင်, သုခကိုမြင်မှ မဂ်ဝင်တာပဲ။

ကြား, ကြားတယ်လို့မှတ်လျှင် ကြားဘေးလို့ ထင်ဆိုတဲ့ **အဓိပ္ပါယ်က** ကြားသောခဏ....နားကြည်တာ, **အသံ**ထင်တာက ရုပ်၊ ကြားတာ, တွေ့တာ, ခံစားတာက**နာမ်**၊ ဤရုပ်,နာမ်က ကြားတာပဲ၊ ကြားတယ်လို့ မှတ်တာက **ဝိပဿနာဉာဏ်ပဲ**၊

ကြားတဲ့ဘေးက ဒုက္ခပဲ၊ ဘေးလို့ထင်တာက ဒုက္ခထင်တာပဲ၊ ဒုက္ခထင်, သုခကိုမြင်မှ မဂ်ဝင်တာပဲ။

နံ, နံတယ်လို့မှတ်လျှင် နံဘေးလို့ထင်ဆိုတဲ့ **အစိပ္ပါယ်က** နံသောခဏ....နှာကြည်တာ, အနံ့ထင်တာက ရုပ်၊ နံတာ, တွေ့တာ, ခံစားတာက **နာမ်**၊ ဤရုပ်, နာမ်က **နံတာ**ပဲ၊ နံတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊ နံတဲ့ဘေးက ဒုက္ခပဲ၊ ဘေးလို့ထင်တာက **ဒုက္ခထင်တာ**ပဲ၊ ဒုက္ခထင်, သုခကိုမြင်မှ မဂ်ဝင်တာပဲ။

စား, စားတယ်လို့ မှတ်လျှင် စားဘေးလို့ထင် ဆိုတဲ့ **အစိပ္ပါယ်က** စားသောခဏ....လျှာကြည်တာ, အရသာထင်တာက ရုပ်၊ စားတာ, တွေ့တာ, ခံစားတာက **နာမ်**၊ ဤရုပ် နာမ်က **စား**တာပဲ၊ စားတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊ စားတဲ့ဘေးက ဒုက္ခပဲ၊ ဘေးလို့ထင်တာက **ဒုက္ခထင်တာ**ပဲ၊ ဒုက္ခထင် သုခကိုမြင်မှ **မဂ်ဝင်တာ**ပဲ။

ထိ, ထိတယ်လို့မှတ်လျှင် ထိဘေးလို့ထင် ဆိုတဲ့ **အစိပ္ပါယ်က** ထိသောခဏ....ကိုယ်ကြည်တာ အတွေ့ထင်တာက ရုပ်၊ ထိတာ, တွေ့တာ, ခံစားတာက နာမ်၊ ဤရုပ်, နာမ်က **ထိတာ**ပဲ၊ ထိတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်ပဲ**၊ ထိတဲ့ဘေးက **ဒုက္ခ**ပဲ၊ ဘေးလို့ထင်တာက **ဒုက္ခထင်တာ**ပဲ၊ ဒုက္ခထင် သုခကိုမြင်မှ **မဂ်ဝင်**တာပဲ။

သိ, သိတယ်လို့မှတ်လျှင် သိဘေးလို့ထင်ဆိုတဲ့ **အစိပ္ပါယ်က** သိသောခဏ.... နှလုံးကြည်တာ သဘောထင်တာက ရုပ်၊ သိတာ, တွေ့တာ, ခံစားတာက **နာမ်**၊ ဤရုပ်, နာမ် က

သိတာပဲ၊ သိတယ်လို့ မှတ်တာက **ဝိပဿနာဉာဏ်ပဲ**၊ သိတဲ့ **ဘေးက ဒုက္ခပဲ**၊ ဘေးလို့ထင်တာက **ဒုက္ခထင်တာပဲ**၊ ဒုက္ခထင် သုခကိုမြင်မှ **မဂ်ဝင်တာပဲ**။

ဒုက္ခထင် သုခကိုမြင်မှ **မဂ်ဝင်တာပဲ**လို့ ဆိုတဲ့ အဓိပ္ပါယ်က အမှတ်ပြုတဲ့ ရုပ်, နာမ်, အာရုံ ဖြစ်ပျက်တဲ့ **ဘေးကို ဘေးလို့ ထင်မှသာ** မုချသိမြင် ဝိပဿနာဉာဏ်က ဒုက္ခထင်တာပဲလို့ ဆိုရသတဲ့၊ ဒုက္ခထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင် ဘေးလို့ ထင်မှသာ ဖြစ်ပျက်တဲ့ ဘေးဟု အမှတ်ပြုတဲ့ ရုပ်, နာမ်, အာရုံ **မှာ ကံ, ကိလေသာ**, အသစ်အဟောင်း **အကြောင်းလဲ မဖြစ်**၊ ဘဝတဖန် အသစ် ကံ,ကိလေသာ၏ **အကျိုးလဲ** မဖြစ်၊ မဖြစ် လျှင်လဲ မပျက်၊ မဖြစ်မပျက် ကေန် ဘဝတဖန် ခန္ဓာ, နာမ်ရုပ် **ချုပ်တဲ့ သုခနိဗ္ဗာန်ကို** မဂ်ဉာဏ်က အမြင်မှန်မှသာ မဂ်ဝင် တာပဲလို့ ဆိုရသတဲ့။

မြင်, မြင်တယ်လို့ မှတ်လျှင် မြင်ဆိတ်တယ်လို့ ထင်ဆိုတဲ့ **အဓိပ္ပါယ်က**၊မြင်သောခဏ....မျက်စိကြည်တာ အဆင်းထင်တာ က ရုပ်၊ မြင်တာ, တွေ့တာ, ခံစားတာက နာမ်၊ ဤရုပ်,နာမ်, က **မြင်တာပဲ**၊ မြင်တယ်လို့ မှတ်တာက **ဝိပဿနာဉာဏ်ပဲ**၊ မြင်ဆိတ်တာက **အနတ္တပဲ**။ ဆိတ်တယ်လို့ ထင်တာက အနတ္တ **ထင်တာပဲ**၊ အနတ္တထင်, ပရမတ္ထကိုမြင်မှ **မဂ်ဝင်တာပဲ**။

ကြား, ကြားတယ်လို့မှတ်လျှင် ကြားဆိတ်တယ်လို့ ထင်ဆိုတဲ့ **အဓိပ္ပါယ်က** ကြားသောခဏ.... နားကြည်တာ, **အသံထင်တာက ရုပ်**၊ ကြားတာ, တွေ့တာ, ခံစားတာ**က** **နာမ်**၊ ဤရုပ်နာမ်က **ကြားတာပဲ**၊ ကြားတယ်လို့ မှတ်တာ

က **ဝိပဿနာဉာဏ်**ပဲ၊ ကြားဆိတ်တာက **အနုတ္တ**ပဲ၊ ဆိတ်တယ်လို့ ထင်တာက **အနုတ္တထင်တာ**ပဲ၊ အနုတ္တထင်၊ ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲ။

နံ့၊ နံ့တယ်လို့မှတ်လျှင် နံ့ဆိတ်တယ်လို့ ထင်ဆိုတဲ့ **အဓိပ္ပါယ်က** နံ့သောခဏ....နှာကြည်တာ၊ အနံ့ထင်တာက ရုပ်၊ နံ့တာ၊ တွေ့တာ၊ ခံစားတာက **နာမ်**၊ ဤရုပ်၊ နာမ်က **နံ့တာ**ပဲ၊နံ့တယ်လို့ မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊ နံ့ဆိတ်တာက **အနုတ္တ**ပဲ၊ ဆိတ်တယ်လို့ ထင်တာက **အနုတ္တ ထင်တာ**ပဲ၊ အနုတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲ။

စား၊ စားတယ်လို့မှတ်လျှင် စားဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က စားသောခဏ....လျှာကြည်တာ၊ အရသာထင်တာက ရုပ်၊ စားတာ၊ တွေ့တာ၊ ခံစားတာက နာမ်၊ဤရုပ်၊ နာမ်က စားတာပဲ၊ စားတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊ စားဆိတ်တာက **အနုတ္တ**ပဲ၊ ဆိတ်တယ်လို့ ထင်တာက **အနုတ္တ**ထင်တာပဲ၊ အနုတ္တထင် ပရမတ္ထကို မြင်မှမဂ်ဝင်တာပဲ။

ထိ၊ ထိတယ်လို့ မှတ်လျှင် ထိဆိတ်တယ်လို့ ထင်ဆိုတဲ့ အဓိပ္ပါယ်က ထိသောခဏ ကိုယ်ကြည်တာ အတွေ့ထင်တာက ရုပ်၊ထိတာ တွေ့တာ ခံစားတာက **နာမ်**၊ ဤ ရုပ် နာမ်က **ထိတာ**ပဲ၊ ထိတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊ ထိဆိတ်တာက အနုတ္တပဲ၊ ဆိတ်တယ်လို့ ထင်တာကအနုတ္တ**ထင်တာ**ပဲ၊ အနုတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲ။

သိ၊သိတယ်လို့ မှတ်လျှင် သိဆိတ်တယ်လို့ ထင် ဆိုတဲ့ အဓိပ္ပါယ်က သိသောခဏ နှလုံးကြည်တာ သဘောထင်တာက

ရုပ်၊ သိတာ တွေ့တာ ခံစားတာကနာမ်၊ ဤရုပ် နာမ်က **သိတာ**ပဲ၊သိတယ်လို့မှတ်တာက **ဝိပဿနာဉာဏ်**ပဲ၊သိဆိတ်တာက အနုတ္တပဲ၊ ဆိတ်တယ်လို့ ထင်တာက **အနုတ္တထင်တာ**ပဲ၊ အနုတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲ။

အနုတ္တထင် ပရမတ္ထကိုမြင်မှ မဂ်ဝင်တာပဲလို့ဆိုတဲ့အဓိပ္ပါယ်က အမှတ်ပြုတဲ့ရုပ်၊ နာမ်၊ အာရုံ ဖြစ်ပျက်၍ ဆိတ်တာကို **ဆိတ်တယ်လို့ထင်မှသာ** မုချသိမြင် **ဝိပဿနာဉာဏ်**က အနုတ္တထင်တာပဲလို့ ဆိုရသတဲ့၊ အနုတ္တထင်တဲ့ ဝိပဿနာဉာဏ်က မုချသိမြင်ဆိတ်တယ်လို့ ထင်မှသာ ဖြစ်ပျက်၍ ဆိတ်၏ဟု အမှတ်ပြုတဲ့ ရုပ် နာမ်၊ အာရုံမှာ ကံ၊ ကိလေသာ အသစ် အဟောင်း အကြောင်းလဲမဖြစ်၊ ဘဝတဖန် အသစ် ကံ ကိလေသာ၏ အကျိုးလဲမဖြစ်၊ မဖြစ်လျှင်လဲ မပျက်၊ မဖြစ် မပျက်ကေန်၊ဘဝတဖန်ခန္ဓာ၊နာမ်၊ရုပ်၊ ချုပ်တဲ့ ပရမတ္ထနိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်မှသာ မဂ်ဝင်တာပဲလို့ ဆိုရသတဲ့။

နိဗ္ဗာန်ကို မဂ်ဉာဏ်က **အမှန်မြင်** ဆိုတဲ့ အဓိပ္ပါယ်က မဂ်ကိစ္စ ၄-ချက် တပြိုင်နက်ပြီးတယ်လို့ဆိုရသတဲ့၊ မဂ်ကိစ္စ ၄-ချက် တပြိုင်နက်ပြီးဆိုတဲ့ အဓိပ္ပါယ်ကဒုက္ခသစ္စာကိုလဲပိုင်းခြားသတဲ့၊ သမုဒယသစ္စာကိုလဲပယ်သတဲ့၊ နိရောဓသစ္စာကိုလဲမျက်မှောက်ပြုသတဲ့၊ မဂ္ဂသစ္စာကိုလဲ ပွားသတဲ့။

ဒုက္ခသစ္စာကို ပိုင်းခြားဆိုတဲ့ အဓိပ္ပါယ်က မဂ်ဖြင့် အသစ်အဟောင်း အကြောင်းမဖြစ်၊ ပျောက်ပျက်သောကံကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီခန္ဓာ၊ နာမ်၊ ရုပ်ကို မဂ်က ဒုက္ခသစ္စာကို ပိုင်းခြားတယ်လို့ဆိုရသတဲ့။

သမုဒယသစ္စာကို ပယ်ဆိုတဲ့ အဓိပ္ပါယ်က ရောနှောခွင့်မရ၊ မင်္ဂဖြင့်ခြားနားသော လောကီ ခန္ဓာ၊ နာမ်၊ ရုပ်၌ မဂ်ဖြင့် **အသစ် အဟောင်း အကြောင်းမဖြစ်** ပျောက်ပျက်သောကာ၊ ကိလေသာကိုမဂ်က သမုဒယသစ္စာကို **ပယ်တယ်လို့** ဆိုရသတဲ့။

**နိရောဓသစ္စာကို** မျက်မှောက်ပြုဆိုတဲ့ အဓိပ္ပါယ်က မဂ်ဖြင့် အသစ်အဟောင်း အကြောင်းမဖြစ် ပျောက်ပျက်သောကာ၊ ကိလေသာနှင့် ရောနှောခွင့်မရ၊ မဂ်ဖြင့် ခြားနားသော လောကီ ခန္ဓာ၊ နာမ် ရုပ် ၌ **မဂ်ဖြင့်ဘဝတဖန်အသစ်** ကာ၊ ကိလေသာ အကျိုးမဖြစ်ဟုရှုမြင်သည်ကို မဂ်က နိရောဓသစ္စာကို မျက်မှောက်ပြုတယ်လို့ ဆိုရသတဲ့။

မဂ္ဂသစ္စာကိုပွား ဆိုတဲ့ အဓိပ္ပါယ်က ဘဝတဖန်အသစ် ကာ၊ ကိလေသာ၏ အကျိုးမဖြစ်ဟု ရှုသော မဂ်ပညာက ဝိပဿနာ၊ မဂ်သမာဓိက သမထ၊ ဤသမထ ဝိပဿနာ **အစုံက** လောကီခန္ဓာ၊ **နာမ်၊ရုပ်၌** အနုသယပရိယုဋ္ဌာန် ကိလေသာမှ လွတ်သော **ကိစ္စတူကြသည်ကို** မဂ်က **မဂ္ဂသစ္စာကို** ပွားတယ်လို့ဆိုရသတဲ့။ အဲ....သည်လို နိဗ္ဗာန်ကို မဂ်ဉာဏ်က အမှန်မြင်ဆိုတဲ့ အဓိပ္ပါယ်က **မဂ်ကိစ္စ ၄-ချက်** တပြိုင်နက်ပြီး **တယ်လို့** ဆိုရသတဲ့။

**နိဗ္ဗာန်လမ်းညွှန် ဒေသနာပြီး၏။**

**အကျယ်ကိုသိလိုမူ** မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရား
ရေးသားတော်မူသော
**ဝိပဿနာ** ဉာဏ် စဉ် ကျမ်း ကြီး ကို
ကြည့်ရှုတော်မူကြပါကုန်။

ဓမ္မဒါန

ဦးတင်လှိုင်

ညွှန်ကြားရေးမှူးချုပ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(၁၂-၂-၈၁)

၂၆